# Mountain View သတင်းလွှာ
# 2019 ခုနှစ် အောက်တိုဘာလ 9 ရက်နေ့

အောက်တိုဘာလ **11** ရက်၊ သောကြာနေ့ **……**မိဘများနှင့်
ကိတ်မုန့်များ**/**ကျောင်းအသိုင်းအဝိုင်း ကောင်စီ၊ **8:30**၊ **CLC**
အောက်တိုဘာလ **17** ရက်၊ ကြာသပတေးနေ့။ ကျောင်းပိတ်သည်၊ ဆောင်းဦးရာသီ ကျောင်းပိတ်ချိန်
အောက်တိုဘာလ **18** ရက်။ **……**ကျောင်းပိတ်သည်၊ ဆောင်းဦးရာသီ ကျောင်းပိတ်ချိန်
အောက်တိုဘာလ**21** ရက်၊ တနင်္လာနေ့ **…**ကျောင်းပိတ်သည်၊ဆောင်းဦးရာသီ ကျောင်းပိတ်ချိန်
အောက်တိုဘာလ**25** ရက်၊ သောကြာနေ့**…….**အခမဲ့ တုပ်ကွေး ကာကွယ်ဆေးထိုးခြင်း၊ **12:00-6:00**၊ **CLC**

ကျောင်းအုပ်ကြီး၏ အမှာစကား

ယခုနှစ်တွင် ကျောင်းတွင် ဘေးကင်းလုံခြုံ၍ ကြိုဆိုမှုရှိသည့် ကျောင်းယဉ်ကျေးမှုထုံးစံတစ်ခုရှိစေရန် ကျွန်ုပ်တို့ အလေးထားအာရုံစိုက်သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ရည်မှန်းချက်ပန်းတိုင်များထဲမှ တစ်ခုမှာ လူတိုင်းကို အပြုံးဖြင့် ကြိုဆိုနှုတ်ဆက်ရန်နှင့် လူတိုင်း အဆင်ပြေသက်တောင့်သက်သာရှိပြီး ကြိုဆိုမှုရှိသည်ဟု ခံစားရစေရန် ကျွန်ုပ်တို့ အစွမ်းရှိသမျှ လုပ်ဆောင်ပေးရန်ဖြစ်ပါသည်။ ဆရာများသည်လည်း ၎င်းတို့၏ ကျောင်းသားများကို နံနက်တိုင်း အမည်ခေါ်၍ နှုတ်ဆက်ကြရမည်။ ၎င်းက Mountain View ကို နွေးထွေးမှုရှိသော ပတ်ဝန်းကျင်ဖြစ်စေလိမ့်မည်။ ကျောင်းသားတစ်ယောက်၏ အရေးအသား အိမ်စာတစ်ခုကို မကြာသေးမီက ကျွန်ုပ်ဖတ်ခဲ့ရသည်။ သူက " ကျွန်တော့်ကို လူများ နှုတ်ဆက်သည်ကို နှစ်သက်သည်။ ၎င်းက ကျွန်တော့်ကို ပျော်ရွှင်စေသည်။ ဆရာများနှင့် ကျောင်းသားများက ကျွန်တော့်ကို ပညာသင်ယူရန် ဘေးကင်းလုံခြုံသော နေရာတစ်ခုဖန်တီးပေးသည်ဟု ခံစားရသည်ကို ကျွန်တော် နှစ်သက်သည်။" ကျောင်းသားအားလုံးသည် ကျောင်းနှင့်ပတ်သက်၍ ဤသို့ခံစားရသင့်ပြီး၊ ကျွန်ုပ်တို့မှ

ယင်းသို့ဖြစ်လာစေရန် ကြိုးစားအားထုတ်ပါမည်။ လူတိုင်းလူတိုင်းမှလည်း ကူညီနိုင်ပါသည်။ ရင်းနှီးဖော်ရွေ၊ ကြင်နာ၍ ကြိုဆိုမှုရှိစေရန်မှာ လူတိုင်း၏ တာဝန်ဝတ္တရားဖြစ်ပါသည်။ ကျောင်းသားတစ်ယောက်က ကျောင်းသို့ရောက်လာသည့် အတန်းဖော်အသစ်များကို သူနှင့်ကစားရန် ဖိတ်ခေါ် ခဲ့သည့် အကြောင်းကို မကြာသေးမီက ကျွန်ုပ်ကြားသိခဲ့ရသည်။ ထိုကျောင်းသားသည် Mountain View ၏ သူရဲကောင်းတစ်ယောက်ဖြစ်ပြီး၊ ကျွန်ုပ်တို့ ကျောင်းယဉ်ကျေးမှုထုံးစံကို ကျောင်းသားများမှ ခိုင်မာအားကောင်းလာစေရန် ပါဝင်လုပ်ဆောင်ပေးနိုင်မည့် ဥပမာကောင်းတစ်ခုဖြစ်ပါသည်။

## ကျောင်းမတက်မီနှင့် ကျောင်းဆင်းပြီးနောက် ပါကင်နေရာတွင် အဝင်ပေါက် ပိတ်ဆို့ထားခြင်း

ကျောင်းသားများအတွက် ကျောင်းအတက်နှင့် အဆင်း ဘေးကင်းအလုံခြုံဆုံးနည်းလမ်းများကို ဆက်လက်ဆောင်ရွက်ပေးရာတွင် ကျွန်ုပ်တို့၏ ပါကင်နေရာသို့ ပင်မအဝင်ပေါက်ကို ကျွန်ုပ်တို့ပိတ်ဆို့ထားပါက၊ ပိတ်ဆို့မှု ပိုမိုနည်းပါးစေပြီး ကျွန်ုပ်တို့ကျောင်းသားများအတွက် ပိုမိုဘေးကင်းသော လမ်းပေါက်ဖြစ်စေမည်ဟု တွေ့ရှိရပါသည်။ ကျောင်းသားများကို ကားထဲမှ အပို့ သို့မဟုတ် အကြိုလုပ်ပါက၊ ကျေးဇူးပြု၍ ကျောင်းရှေ့ရှိ အဝင်ပေါက်ကိုအသုံးပြုပြီး၊ ကျောင်းတွင်ထားခဲ့ရန် လက်ယာဘက်အခြမ်းကို သုံး၍၊ ဖြတ်သန်းသွားလာရန် လက်ဝဲဘက်အခြမ်းကို အသုံးပြုပေးပါ။ ကလေးများကို ကျောင်းတွင်းသို့ခေါ်ဆောင်ရန် အနီရောင်ဇုန်များတွင် ပါကင်ရပ်နားခြင်း မပြုပါနှင့်။ ပင်မ ပါကင်နေရာတွင် ပိတ်ဆို့မှုကို လျှော့ချရန်ကူညီပေးသည့် ကျောင်း၏အနောက်ဘက်အခြမ်း အပို့/အကြိုဇုန်တစ်ခုရှိသည်ကိုလည်း ကျေးဇူးပြု၍ သတိပြုပေးပါ။ ၎င်းက အခြားရွေးစရာနည်းလမ်းကောင်း တစ်ခုဖြစ်သည်။

## သင့်ကလေး၏ စာနာမှုအဆင့် တိုးမြှင့်ပေးရန် အကြံပြုထားသည့် လှုပ်ရှားမှု

စာနာမှုဆိုသည်မှာ အခြားလူတစ်ဦးတစ်ယောက်၏ စိုးရိမ်စရာများအတွက် ခံစား နားလည်ပေးနိုင်သည့်စွမ်းရည်တစ်ခုဖြစ်သည်။ ၎င်းက ကျွန်ုပ်တို့အားလုံး ဖွံ့ဖြိုးထားရှိရန်လိုအပ်သည့် အရေးကြီးသော လူမှုရေး/စိတ်ခံစားမှုပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့ ကလေးများတွင် စာနာမှု တိုးပွားစေရန် ထောက်ကူမှုပေးနိုင်ရန်အတွက် အိမ်တွင် လုပ်ဆောင်နိုင်သည့်အရာတစ်ခုမှာ ၎င်းတို့လက်ရှိအချိန်တွင် မရှိသည့် အားနည်းချက်တစ်ခုကို စိတ်ကူးကြည့်ခိုင်းဖို့ Dr. Michele Borba က အကြံပြုထားသည်။ သင့်ကလေး မကြုံတွေ့ဖူးသော မည်သည့် စိန်ခေါ်မှုမဆို ဖြစ်နိုင်ပါသည်။ ရည်မှန်းချက်ပန်းတိုင်မှာ မတူညီသော စိန်ခေါ်မှုများရှိသည့်

အခြားသူတစ်ယောက်၏ ရှုထောင့်မှ အခြေအနေတစ်ခုကို ၎င်းတို့ တွေ့မြင်နိုင်အောင် ကူညီပေးရန်ဖြစ်သည်။ ထို့နောက် အဆိုပါ အခြေအနေမျိုးကို ၎င်းတို့ကိုယ်တိုင်ကြုံတွေ့နေထိုင်ရမည့်အခါ ၎င်းတို့မှ မည်သို့ခံစားရမည်ဟူသော အမြင်ကို ရေးသား၊ ပြောဆို၊ ပုံဆွဲရန် ကူညီပေးပါ။

မည်သည့် ကျောင်းခရိုင် ဝန်ထမ်း သို့ မဟုတ် ကျောင်းသား များသည် ဝန်ထမ်း သို့ မဟုတ် ကျောင်းခရိုင် မှ မည်သည့် အစီအစဉ် ကို မဆို သို့ မဟုတ် တက်ကြွ လှုပ် ရှား မှု များ တွင် အသက် ၊ အသားအရောင် ၊ မစွမ်းမသန် ဖြစ်မှု ၊ လိင် ၊ မည် သည့် လိင် ဖြစ် ကြောင်း ညွှန်းဆိုမှု ၊ မျိုးဗီဇ ဆိုင်ရာ သတင်း အချက် အလက် အရ ၊ မူလ နိုင်ငံ သား ဆိုင်ရာ ၊ ပဋိသန္ဓေ ရှိ မှု ၊ လူမျိုး ၊ ဘာသာ ၊ လိင်ပိုင်း ဆိုင်ရာ တိမ်းညွှတ် မှု ၊ သို့ မဟုတ် စစ်ဘက် ဆိုင်ရာ တွင် တာဝန်ထမ်းဆောင် ခဲ့ ခြင်း အတွက် ရာ ထူး အဆင့် အတန်း တို့ ကို ရည် ရွယ် ပြီး ခွဲ ခြား ဆက်ဆံ မှု မပြု ရ ပါ။ ကျောင်းခရိုင်သည် ချမှတ် ထားသည့် အစီအစဉ် များ တွင် ၊ ဝန်ဆောင် မှု နှင့် မူဝါဒ အရ ဝန်ထမ်းများ ဆိုင်ရာ ၊ စာေဒက တက်ခြင်း ဆိုင်ရာ လုပ်ငန်းစဉ် ၊ အစီအစဉ် များ ကို အသုံးပြု နိုင်မှု ၊ ကျောင်းခရိုင် ၏ ပိုင်ဆိုင်မှု များ ကို အသုံးပြု မှု ၊ ကျောင်းခန်း စသည် တို့ တွင် အားလုံး သာတူ ညီမျှ ပါဝင် ဆောင်ရွက် နိုင်ရန် နှင့် ဝန်ထမ်း များ သာတူ ညီမျှ ဖြစ်ခြင်း ဆိုင်ရာ အခွင့် အလမ်း ကို ချမှတ်ထားသည်။ ကျောင်းခရိုင်သည် အမေရိကန် ပြည်ထောင်စု ၏ ခေါင်းစဉ် ၃၆ အရ ကျောင်းခရိုင် ၏ အဆောက်အဦ များ ကို ငယ်ရွယ် သူများ အုပ်စု နှင့် အားလုံး ကို တူညီမျှတ စွာ အသုံးပြု ခွင့် ပေးထား ပါသည်။ အောက်ဖော်ပြ ပါ ပုဂ္ဂိုလ်သည် ဥပဒေ မဲ့စွာ ခွဲခြား ဆက်ဆံ ခံရမှု ၊ နှောင့်ယှက်ခံရခြင်း ၊ လက်တုံ့ ပြန်ခြင်း တို့ တွင် စာေဒက တက်ခြင်း အတွက် ဆောင်ရွက် ပေး မည့် သူ ဖြစ်သည်။ (Tina Hatch၊ တိုင်တမ်းလွှာ စုံစမ်းစစ်ဆေးရေးဌာန၊ း ၊ 440 East 100 South, Salt Lake City, Utah 84111, (801) 578-8388. (၈၀၁) ၅၇၈ - ၈၂၅၁ သင်သည် ကော်လိုရာ ဒို ပြည်နယ် ၊ဒင်ဗာ မြို့ မှာ ပြည်သူ့ အခွင့် အရေး ရုံး ကို လည်း ဆက်သွယ် နိုင်သည်။ ဖုံးနံပါတ် (303) 844-5695. (၃၀၃) ၈၄၄ ၅၆၉၅